# အာရက္ခရေးရာအထူးလေ့လာချက်

## မြန်မာ့နိုင်ငံရေးအကျပ်အတည်းကြားက ရခိုင်နိုင်ငံရေးပါတီများ

**အမှတ်စဉ် (၂)၊ ၂၀၂၆**
**နိုင်ငံရေးကဏ္ဍ**




ရွေးကောက်ပွဲ မဲဆွယ်ဆိုင်းဘုတ်ရှေ့တွင် တွေ့ရသော *AFP* ခေါင်းဆောင် ဒေါက်တာအေးမောင် နှင့် ကိုယ်စားလှယ်လောင်းများ *(ဓါတ်ပုံ-ဒီဗွီဘီမြန်မာပိုင်း)*

**မတ် ၁၅၊ ၂၀၂၆ ခုနှစ်**

## ၁။နိဒါန်း

| | |
|---|---|
| (က) အဓိကအကြောင်းအရာ | အာဏာသိမ်းမှုအလွန် ရခိုင်နိုင်ငံရေးပါတီများ ကြုံတွေ့ရသော စိန်ခေါ်မှုများ |
| (ခ) နယ်မြေဒေသ | ရခိုင်ပြည်အတွင်းရှိ မြို့နယ် (၁၇) မြို့နယ်လုံး |
| (ဂ) အချိန်ကာလ | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလထိ |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာစစ်တပ်မှ အဓမ္မအာဏာသိမ်းခဲ့သည့် အချိန်မှစ၍ စစ်ကောင်စီအနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပပြီး အနိုင်ရပါတီအား နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးမည်ဟု ရံဖန်ရခါ ထုတ်ပြောလေ့ရှိသည်။ သို့သော် စစ်ကောင်စီ၏ နိုင်ငံရေးအာမခံချက်ကို ယုံကြည်မှုအားနည်းပြီး၊ ၂၀၂၀ ရွေးကောက်ပွဲ၏အနိုင်ရပါတီများကို အစိုးရဖွဲ့ခွင့် မပေးခြင်းနှင့် အာဏာသိမ်းပြီးအလွန် ဆန့်ကျင်ဆန္ဒထုတ်ဖော်သူများကို အကြမ်းဖက်ဖြိုခွင်းမှုများကြောင့် လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်း အားကောင်းလာခဲ့သည်။

တဖက်တွင် စစ်အာဏာသိမ်းပြီးနောက် အာရက္ခတပ်တော် (အေအေ) နှင့် ယာယီအပစ်အခတ်ရပ်ထားသော ရခိုင်ပြည်တွင်လည်း ရခိုင်လူထုသည် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲလမ်းကြောင်းထက် အေအေ၏ နိုင်ငံရေးဦးဆောင်အဖွဲ့ဖြစ်သော ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် (ULA) ကို ထောက်ခံအားပေးမှု မြင့်တက်လာခဲ့သည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် စစ်ကောင်စီနှင့် အေအေ ကြား တကျော့ပြန်စစ်ပွဲများနှင့် မြို့သိမ်းတိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပေါ်လာခြင်းကြောင့် နိုင်ငံရေးပါတီများ၏ 'နိုင်ငံရေးလှုပ်ရှားခွင့်' (political space) မှာ ပိုမိုကျဉ်းမြောင်းလာခဲ့သည်။

ဤသို့ဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းဖိအားများအောက်မှ စစ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေး ထွက်ပေါက်ရှာလိုသော စစ်ကောင်စီ/စစ်ကော်မရှင်အစိုးရမှ အတိုက်အခံများကို ဖိနှိပ်ကန့်သတ်ပြီး ကျင်းပသော ၂၀၂၅-၂၆ အထွေထွေရွေးကောက်ပွဲကို ၎င်း၏ ထိန်းချုပ်နယ်မြေများတွင် ကျင်းပရန် ကြိုးပမ်းခဲ့ပြီး၊ ရခိုင်ပြည်အခြေစိုက် နိုင်ငံရေးပါတီများထဲမှ တချို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ၊ တချို့မှာ အကြောင်းပြချက် အမျိုးမျိုးဖြင့် ပိတ်ပင်၊ ဖျက်သိမ်း၊ ပယ်ချခံခဲ့ကြရသည်။

ယခု လေ့လာချက်သည် ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်များ၊ နိုင်ငံရေးပါတီများ၏ ထုတ်ပြန်ချက်များ၊ စစ်ကောင်စီနှင့် ၎င်း၏ ရွေးကောက်ပွဲကော်မရှင် ထုတ်ပြန်ချက်များနှင့် မိမိတို့အာရက္ခလေ့လာရေးစင်တာ၏ လေ့လာချက်များကို အခြေခံ၍ (၅) နှစ်တာ ကာလ မြန်မာ့နိုင်ငံရေးအကျပ်အတည်းကြားက ရခိုင်နိုင်ငံရေးပါတီများ၏ အခြေအနေကို အဓိကလေ့လာသုံးသပ်ရေးသားထားခြင်း ဖြစ်သည်။

## ၂။ အချက်အလက်အကျဉ်းချုပ်

### ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ

**(က) စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုအပေါ် ရှုံ့ချခဲ့သည့် ရခိုင်အမျိုးသားပါတီ (ANP) အား UEC မှ ဆင့်ခေါ်သတိပေးခြင်း**

စစ်ကောင်စီ၏ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများ ထိခိုက်သေဆုံးခြင်းနှင့် အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရခြင်းတို့အပေါ် ရခိုင်အမျိုးသားပါတီ (ANP) က ပြင်းထန်စွာကန့်ကွက်ရှုံ့ချကြောင်း ထုတ်ပြန်ချက်တစ်ရပ်ကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။
အဆိုပါ ထုတ်ပြန်ချက်နှင့်ပတ်သက်၍ စစ်ကောင်စီ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က ပါတီတာဝန်ရှိသူများကို ဆင့်ခေါ်ခဲ့ပြီး နောက်နောင်တွင် ယင်းကဲ့သို့ "တဖက်သတ်ဆန်သော" ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းမပြုရန် သတိပေးတားမြစ်ခဲ့ကြောင်း သိရသည်။

### ၂၀၂၃ ခုနှစ် ဧပြီလ

**(ခ) စစ်ကောင်စီ၏ အတုအယောင်ရွေးကောက်ပွဲကို ဆန့်ကျင်ရန် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားလူငယ်များအစည်းအရုံး လှုပ်ရှား**

စစ်အုပ်ချုပ်ရေးစနစ်အောက်မှ လွတ်မြောက်နိုင်ရန်အတွက် စစ်ကောင်စီ၏ အတုအယောင်ရွေးကောက်ပွဲကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြရန် ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားလူငယ်များအစည်းအရုံးက ဦးဆောင်၍ လှုပ်ရှားမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ အဆိုပါလှုပ်ရှားမှုတွင် ပြည်သူလူထုအနေဖြင့် စစ်ကောင်စီ၏ ရွေးကောက်ပွဲတွင် မဲမပေးကြရန်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ခြင်းမပြုရန် တိုက်တွန်း နှိုးဆော်ထားသည်။

**(ဂ) ရွေးကောက်ပွဲ ဥပဒေ၏ ကန့်သတ်ချက်များကြောင့် လူနည်းစုတိုင်းရင်းသားပါတီများ ဖျက်သိမ်းခံရခြင်း**

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ဒိုင်းနက်အမျိုးသားတိုးတက်ရေးပါတီနှင့် ကမန် အမျိုးသားတိုးတက်ရေးပါတီတို့သည် စစ်ကောင်စီ၏ ရွေးကောက်ပွဲ ဥပဒေသစ်နှင့်အညီ ပြန်လည်မှတ်ပုံတင်နိုင်ခြင်း မရှိသဖြင့် နိုင်ငံရေးပါတီ အဖြစ်မှ ဖျက်သိမ်းခြင်း ခံလိုက်ရသည်။ ဒိုင်းနက်နှင့် ကမန်အမျိုးသားတိုးတက်ရေးပါတီ တာဝန်ရှိသူများက ၎င်းတို့သည် ပါတီအဖြစ် ရပ်တည်နေစဉ်ကာလအတွင်း၌ပင် အခြားနိုင်ငံရေးပါတီများကဲ့သို့ အခွင့်အရေးအပြည့်အဝ မရရှိခဲ့ကြောင်းနှင့် မိမိတို့လူမျိုးစု၏ အခက်အခဲများကို တင်ပြခွင့်ရသည့်အဆင့်မျှသာ ရှိခဲ့ကြောင်း ကို ဒေသတွင်းမီဒီယာတချို့တွင် ထုတ်ဖော်ပြောကြားခဲ့ကြသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ

### (ဃ) ရခိုင်နိုင်ငံရေးပါတီများ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် မပတ်သက်ရန် UEC ကသတိပေး

၂၀၂၃ခုနှစ်၊ ဇူလိုင်လ(၁၁)ရက်နေ့တွင် စစ်တွေမြို့၌ စစ်ကောင်စီ၏ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့(UEC) သည် ရခိုင်ပြည်နယ်အတွင်း မှတ်ပုံတင်ခွင့်ပြုထားသည့် နိုင်ငံရေးပါတီ ၅ ခု ဖြစ်သည့် ရခိုင့်ဦးဆောင်ပါတီ (AFP)၊ ရခိုင်အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို တိုင်းရင်းသားပါတီ၊ ခမီတိုင်းရင်းသားပါတီနှင့် မြိုအမျိုးသားတိုးတက်ရေးပါတီ တို့နှင့် တွေ့ဆုံခဲ့သည်။ ထိုအစည်းအဝေးတွင် UEC က နိုင်ငံရေးပါတီများအနေဖြင့် ကော်မရှင်၏ ဥပဒေ၊ စည်းမျဉ်းများကို တိကျစွာလိုက်နာရန်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းမပြုရန် ပြင်းထန်စွာ သတိပေးခဲ့သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလ

### (င) မှတ်ပုံတင်ခွင့်ရထားသည့် မြို့တိုင်းရင်းသားပါတီ ရွေးကောက်ပွဲ ဥပဒေအကန့်အသတ်ကြောင့် ပြန်လည် ဖျက်သိမ်း ခံရ

စစ်ကောင်စီ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ထံတွင် အသစ်ပြန်လည်မှတ်ပုံတင်ခွင့် ရရှိထားပြီးဖြစ်သော်လည်း မြိုတိုင်းရင်းသားပါတီ (MNP) သည် ဥပဒေပါ သတ်မှတ်ချက်များကို အချိန်မီ မဖြည့်ဆည်းနိုင်သဖြင့် ပါတီအဖြစ်မှ ပြန်လည်ဖျက်သိမ်းခြင်း ခံခဲ့ရသည်။ ပါတီဖျက်သိမ်းခံရခြင်း၏ အဓိကအကြောင်းရင်းများမှာ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်အင်အား ၁,၀၀၀ ပြည့်မီအောင် စည်းရုံးနိုင်ခြင်းမရှိခြင်းနှင့် ရက်ပေါင်း ၁၈၀ အတွင်း အနည်းဆုံး မြို့နယ် (၅) ခု ၌ ပါတီရုံးခန်းများ ဖွင့်လှစ်နိုင်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်ကို မလိုက်နာနိုင်ခြင်းတို့ကြောင့် ဖြစ်သည်ဟု ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ

### (စ) စစ်ကောင်စီ၏လုပ်ရပ်များအပေါ် ရခိုင်နိုင်ငံရေးပါတီများ နုတ်ဆိတ်နေရ

အာဏာမသိမ်းမီနှင့် အစောပိုင်းကာလများတွင် ရခိုင်နိုင်ငံရေးပါတီများသည် မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို လူထုဘက်မှရပ်တည်ကာ ရဲဝံ့စွာ ဝေဖန်ပြောဆိုလေ့ရှိသော်လည်း၊ ယခုအခါတွင်မူ နိုင်ငံရေးပါတီများအားလုံး နှုတ်ဆိတ်နေရသည့် အခြေအနေနှင့် ကြုံတွေ့နေရကြောင်း ဒေသတွင်းဝေဖန်မှုများ ထွက်ပေါ်နေသည်။ ယင်း အခြေအနေနှင့်ပတ်သက်၍ ရခိုင့်ဦးဆောင်ပါတီ (AFP) ဥက္ကဋ္ဌ ဒေါက်တာအေးမောင်အား ယခုကဲ့သို့ နှုတ်ဆိတ်နေရခြင်းနှင့်ပတ်သက်၍ မေးမြန်းရာတွင် ၎င်းအနေဖြင့်ဖြေဆိုရန်ငြင်းပယ်ခဲ့သော်လည်း၊ ရခိုင်အမျိုးသားပါတီ (ANP) တာဝန်ရှိသူတစ်ဦးကမူ ၎င်းတို့အနေဖြင့် ပြည်သူလူထု

အတွက် ပြောဆိုခွင့်များကို စစ်ကောင်စီ၏ "ရွေးကောက်ပွဲဥပဒေ" က တားမြစ်ထားသဖြင့် မပြော နိုင်ခြင်းဖြစ်ကြောင်း ဖြေကြားခဲ့သည်။

## ၂၀၂၄ ခုနှစ် ဇွန်လ

### (ဆ) ANP လူငယ်ခေါင်းဆောင်ဟောင်း ကိုဂန်ဘာရီနှင့် ရခိုင်လူငယ် (၃) ဦး ရန်ကုန်တွင်ဖမ်းဆီးခံရ

ရခိုင်အမျိုးသားပါတီ(ANP)၏ လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ကိုဂန်ဘာရီနှင့် ရခိုင်လူငယ် (၃) ဦးကို မေလ ၃၁ ရက် ညဥ့်နက်သန်းခေါင်အချိန်တွင် ရန်ကုန်မြို့ရှိ နေအိမ်အတွင်း စစ်ကောင်စီ က ဝင်ရောက်ဖမ်းဆီးသွားကြောင်း သိရသည်။

## ၂၀၂၄ ခုနှစ် ဇူလိုင်လ

### (ဇ) ANP ပါတီ မှတ်ပုံတင်လျှောက်ထားမှု ပယ်ချခံရ

ရခိုင်အမျိုးသားပါတီ၏နိုင်ငံရေးပါတီမှတ်ပုံတင် လျှောက်ထားမှုကို ပါတီမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ ပုံစံ (ဆ) ပါပြဌာန်းချက်များနှင့်ကိုက်ညီခြင်းမရှိဟုဆိုကာ စစ်ကောင်စီ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပယ်ချလိုက်ကြောင်း မြဝတီသတင်းဌာနမှကြေညာခဲ့ သည်။

## ၂၀၂၅ ခုနှစ် ဩဂုတ်လ

### (ဈ) AA ထိန်းချုပ်နယ်မြေများအတွင်း စစ်ကောင်စီ၏ ရွေးကောက်ပွဲ ကျင်းပခွင့်မပေးဟု AA ပြော

အာရက္ခတပ်တော် (AA) ၏ ပြောရေးဆိုခွင့်ရှိသူ ဦးခိုင်သုခက “ရခိုင်ပြည်မှာ ဗမာအစိုးရ အဆက်ဆက်လုပ်ခဲ့တဲ့ ရွေးကောက်ပွဲတွေဟာ ရခိုင်ပြည်သူတွေကို တစ်စုံတရာ အကျိုးပြုခဲ့တာမ ရှိပါ။ ဒါကြောင့် ရခိုင်တွေအနေနဲ့လည်း ဒီရွေးကောက်ပွဲကို စိတ်မဝင်စားဆိုတာသေချာပါတယ်” ဟု အတိအလင်းပြောကြားခဲ့သည်။

### (ည) အတုအယောင်ရွေးကောက်ပွဲကို ရိုဟင်ဂျာအတိုင်ပင်ခံကောင်စီ ဆန့်ကျင်

အာဏာသိမ်းစစ်ကောင်စီက ပြည်သူ့ဆန္ဒနဲ့ သွေဖည်ကာ အတုအယောင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေခြင်းအား ကန့်ကွက်ရှုံ့ချကြောင်း ရိုဟင်ဂျာအတိုင်ပင်ခံကောင်စီက နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

**(၄) စစ်ကော်မရှင်ထိန်းချုပ်ဆဲ စစ်တွေနှင့် ကျောက်ဖြူတို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စု (၇၁) ခုတွင် ရွေးကောက်ပွဲမကျင်းပနိုင်ဟု UEC ကြေညာ**

ရခိုင်ပြည်အတွင်း စစ်ကော်မရှင်တပ်ထိန်းချုပ်ထားဆဲ မြို့တော် စစ်တွေနှင့် ကျောက်ဖြူမြို့နယ်တို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၇၁) ခုတွင် ရွေးကောက်ပွဲအပိုင်း(၁)ကို မကျင်းပနိုင်ကြောင်း စစ်ကောင်စီ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)ဥက္ကဋ္ဌ ဦးသန်းစိုးက လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာသည်။

## ၃။တွေ့ရှိချက်များ

၁။ စစ်အာဏာသိမ်းမှုအလွန်တွင် စစ်ဘောင်ကျယ်လာခြင်းကြောင်း နိုင်ငံရေးပါတီများ၏ ရှင်သန်ရပ်တည်ရေး နှင့် လှုပ်ရှားခွင့်မှာ ပိုမိုကျဉ်းမြောင်းလာသည်။ လူထုထောက်ခံမှု ရရှိထားသော ANP အပါအဝင် တခြားသော ပါတီငယ်များသည် လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်၍ ဆင့်ခေါ် သတိပေးခြင်းအပြင်၊ လက်နက်ကိုင်အဖွဲ့များနှင့် မပတ်သတ်ရန် စစ်ကောင်စီ UEC မှ သတိပေး ခြင်းမျိုး ကြုံတွေ့ခဲ့ရသည်။

၂။ ထို့အပြင် ANP ပါတီ၏ လူငယ်ခေါင်းဆောင် ဖမ်းဆီးခံရခြင်းနှင့် ပါတီမှတ်ပုံတင်ပယ်ချခြင်းတို့ကို လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်ကြုံတွေ့ခဲ့ရပြီး၊ တခြားသော နိုင်ငံရေးပါတီများအနေဖြင့်လည်း နိုင်ငံရေးဖိအားများကို ရင်ဆိုင်ခဲ့ကြရသည်။ အာရက္ခလေ့လာရေးစင်တာ၏ မှတ်တမ်းအရ ၂၀၂၃ ခုနှစ်၊ မတ်လတွင် ရခိုင်ဒေသအခြေစိုက် နိုင်ငံရေးပါတီ (၁၀) ခု အနက် ANP, AFP အပါအဝင် (၁၀) ခုမှာ မှတ်ပုံတင်ထားကြပြီး၊ တဖက်တွင် ALD အပါအဝင် ကမန်၊ ဒိုင်းနက်၊ မြို ပါတီငယ် (၄) ခု မှာ မှတ်ပုံတင်မထားခဲ့ကြပေ။ သို့သော် ရွေးကောက်ပွဲအနီးပိုင်းကာလတွင် ANP သည် ပယ်ချခံရပြီး၊ ဦးဘရှိန်ဦးဆောင်သော RNP ပါတီသည် ပါတီသစ်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။

၃။ ရခိုင်ပြည် အခြေစိုက် နိုင်ငံရေးပါတီများရင်ဆိုင်ခဲ့ရသော တခြားသော စိန်ခေါ်မှုများထဲတွင် လူထုသဘောထား နှင့် စစ်ကောင်စီအကြိုက်ကြား 'ကျဉ်းမြောင်းသောလမ်းသွယ်' ကြားတွင် လျှောက်လှမ်းရခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ လက်နက်ကိုင်တိုက်ပွဲပြင်းထန်လာမှုနှင့် စစ်ကောင်စီ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြားတွင် AFP အပါအဝင် တခြားသော ရွေးကောက်ပွဲဝင်လိုသော ပါတီများမှာ ရေငုံနှုတ်ဆိတ်နေခဲ့ရပြီး၊ ပြည်သူအများစု ထောက်ခံမှုရရှိထားသော ULA/AA ၏ ရွေးကောက်ပွဲကို မကြိုဆိုသော ရပ်တည်မှုကြောင်းလည်း ဘေးကျပ်နံကျပ် ဖြစ်ခဲ့ရသည်။

၄။ စစ်ကောင်စီမှ အသစ်ပြဌာန်းလိုက်သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေသည်လည်း ရခိုင်ဒေသအခြေစိုက် နိုင်ငံရေးပါတီအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။ အထူးသဖြင့် ပြည်နယ်အတွင်းသာ ဝင်ရောက်ယှဉ်ပြိုင်လိုသော ပါတီတစ်ခုသည် ရက်ပေါင်း (၉၀) အတွင်း

ပါတီဝင်အင်အား (၁,၀၀၀) ပြည့်မီအောင် စည်းရုံးနိုင်ခြင်းနှင့် ရက်ပေါင်း (၁၈၀) အတွင်း အနည်းဆုံး မြို့နယ် (၅) ခု ၌ ပါတီရုံးခန်းများ ဖွင့်လှစ်နိုင်ခြင်း စသည့် သတ်မှတ်ချက်များကို မပြည့်မီခြင်းကြောင့် မြို့တိုင်းရင်းသားပါတီကို ဖျက်သိမ်းခဲ့သည်။ နောက်ပိုင်းတွင် ဖြေလျော့မှုတချို့ လုပ်ခဲ့သော်လည်း လူနည်းစု/အင်အားနည်းပါတီများအတွက်မူ ထူးခြားမှု မရှိခဲ့ပေ။ ထို့အပြင် ရွေးကောက်ပွဲ မဲဆွယ်ကာလနှင့် မဲပေးသည့်နေ့တွင် စစ်တပ်ကျောထောက်နောက်ခံရှိသော USDP သည် ရခိုင်အခြေစိုက်နိုင်ငံရေးပါတီများထက် ပိုမိုလှုပ်ရှားခွင့်ကျယ်ခဲ့ပြီး၊ တပ်မဲများကြောင့်လည်း ရခိုင်ပါတီခေါင်းဆောင်များဖြစ်သော ဒေါက်တာအေးမောင်နှင့် ဦးဘရှိန်တို့ စစ်တွေနှင့် ကျောက်ဖြူတွင် မဲရှုံးခဲ့ကြသည်။

၅။ ၂၀၂၃ ခုနှစ် နှောင်းပိုင်းမှစတင်၍ ပြင်းထန်နေဆဲဖြစ်သော စစ်ရေးတိုက်ခိုက်မှုများနှင့် နယ်မြေထိန်းချုပ်မှု အပြောင်းအလဲများမှာလည်း နိုင်ငံရေးပါတီ၏ ရှင်သန်လှုပ်ရှားရေးအတွက် အကန့်အသတ်ကြီးတစ်ခု အဖြစ်ရှိခဲ့သည်။ ၂၀၂၅ နှောင်းပိုင်းကျင်းပသော ရခိုင်ဒေသ ရွေးကောက်ပွဲများတွင် ပါဝင်သည်မှာ စစ်တွေ၊ ကျောက်ဖြူမြို့ပေါ်ဧရိယာနှင့် မာန်အောင်မြို့နယ်သာဖြစ်ပြီး၊ ရခိုင်ပြည်နယ်တစ်ခုလုံး၏ (၅) ရာခိုင်နှုန်းအောက်တွင်သာရှိသည်။ ထို့ကြောင့် ရွေးကောက်ပွဲနှင့် ရွေးကောက်ခံကိုယ်စားလှယ်များ၏ တရားဝင်မှုပြဿနာလည်း ကြီးမားသည်။

## ၄။ သုံးသပ်ချက်

မြန်မာနိုင်ငံ၏ လွှတ်တော်စနစ်အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် (၃) ရပ်ရှိပြီး၊ ၂၀၂၅ ရွေးကောက်ပွဲအတွက် ပြောင်းလဲကျင့်သုံးထားသော အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် နိုင်သူအကုန်ယူစနစ် (FPTP) တို့ကြောင့် ရခိုင်အခြေစိုက်နိုင်ငံရေးပါတီများဖြစ်သော AFP နှင့် RNP တို့မှာ အထိုက်အလျောက် ရွေးကောက်ခံအမတ်များ ထွက်ပေါ်လာသည်။ သို့သော် ဝင်ပြိုင်ခဲ့ကြသော ဒေသခံ လူနည်းစုခမီနှင့် မြိုပါတီများသည် တစ်နေရာမှ အနိုင်မရခဲ့ကြပေ။ တဖက်တွင် ၂၀၁၀ နှင့် ၂၀၂၀ ကြား ဒီမိုကရေစီအကူးအပြောင်းကာလများနှင့် မတူဘဲ ယခုတစ်ကြိမ် ထွက်ပေါ်လာသော နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှာ လာမည့်လပိုင်းများအတွင်း အစိုးရသစ်နှင့် လွှတ်တော်သစ်များကို ခေါ်သည့်တိုင် တရားဝင်မှုပြဿနာနှင့် ဆက်လက်ရင်ဆိုင်ရနိုင်ဖွယ်ရှိသည်။

ပြည်နယ်အစိုးရနှင့် ပြည်နယ်လွှတ်တော် အခြေစိုက်ရာ မြို့တော်စစ်တွေ အနီးအနားတွင် တိုက်ပွဲများပြင်းထန်နေခြင်း၊ စစ်ကော်မရှင်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူများ ဆက်လက်သေဆုံးနေရခြင်းနှင့် လူထုလက်ခံမှုနည်းပါးခြင်းအပြင် နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိအမှတ်ပြုမှု အားနည်းနေခြင်းတို့မှာ ရခိုင်အခြေစိုက် နိုင်ငံရေးပါတီများ ဆက်လက်ရင်ဆိုင်နေရမည့် စိန်ခေါ်မှုများ ဖြစ်သည်။

သဘောထားမှတ်ချက်တစ်ခုအရ ရခိုင်နိုင်ငံရေးပါတီများသည် နေပြည်တော်အခြေစိုက် စစ်အစိုးရနှင့် ရခိုင်ပြည်တွင်း အင်အားတောင့်တင်းသော ULA/AA အာရက္ခပြည်သူ့အစိုးရတို့ကြားတွင်

ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးလမ်းကြောင်းတွင် 'ပေါင်းကူးသဖွယ်' ဖြစ်နိုင် ကောင်းလားဟု မေးခွန်းထုတ်နိုင်သော်လည်း လူထုထောက်ခံမှု နည်းပါးခြင်း၊ တင်းမာမှုများနှင့် သဘောထားကွဲလွဲမှုများ ကြီးမားသော လက်ရှိနိုင်ငံရေးအခင်းအကျင်းအောက်တွင် ရခိုင်နိုင်ငံရေး ပါတီများသည် 'နယ်ရုပ်' များသဖွယ်သာ ရှိနေပြီး စစ်အစိုးရ၏ မျက်လှည့်ပြ အသုံးတော်ခံများ အဖြစ်သာ ဆက်လက် ရှိနေနိုင်ပေသည်။

အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာ သုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ် သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အ ရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင် တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒ အကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေ ပါသည်။

©၂၀၂၆ အာရက္ခပြည်။
ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org